# နို့နှင့် အသားပေါကြွယ်ဝဖို့ နွားမျိုးစုံ မွေးမြူကြစို့

## ဦးငြိမ်းချမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးမွေးမြူးရေးကိုအခြေခံသည့်နိုင်ငံဖြစ်၍ နိုင်ငံ၏ အသက်သွေး ကြောလည်း ဖြစ်သည်။ မွေးမြူးရေးကဏ္ဍတိုးတက်မြင့်မားရေးဆောင်ရွက်ခြင်းသည် မွေးမြူးသူ လယ်သမားကြီးများ၏ အကျိုးအမြတ်များပိုမိုရရှိရေးအတွက် သာမကနိုင်ငံတော်၏ မွေးမြူရေး ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက်ပါ အရေးပါလှသည်။



နို့ရည်ချိုချိုနဲ့ လူသားတို့ဉာဏ်ရည် ဉာဏ်သွေး ဖွံ့ဖြိုးရေး၊ ကိုယ်ကာယအား တွေ တိုးအောင်၊လူတိုင်း နို့သောက်ကျင့် ရနိုင်နေအောင် နို့စားနွားမြူးရေးဖွံ့ဖြိုးရေးကို တိုးချဲ့မွေးသင့်ပါသည်။ နို့တင်မက အသား၊ နို့၊ကြက်ဥ များကိုလည်း နိုင်ငံသားတိုင်း အလုံအလောက် စားနိုင်ပါမှ တိုင်းတစ်ပါးသားတို့နှင့်ကာယာ၊ ဉာဏ် အား တွေယှဉ်နိုင်ပါမည်။ နို့နဲ့အမဲသား ရဖို့က နို့စား၊ အသားစား နွားတွေ မွေးကြာဖို့လိုပါသည်။ တစ်ချိန်က မြန်မာ့ လယ်ယာခွင်က အဓိက စွမ်းဆောင်ရှင်တွေ ဖြစ်ခဲ့တဲ့ ခိုင်းကျွဲ၊ခိုင်းနွားတွေကို တည်ဆဲဥပဒေ တွေနဲ့ ဆန့်ကျင့်ပြီး ခိုးပေါကြ၊ အသားထုတ် လုပ်ကြ၊ အေးခဲ့ အသား တို့၊အမဲသားခြောက်ကို ထုတ်လုပ်ပြီး ပြည်ပ ပို့ကြ၊နေ့စဉ် နယ် စပ်ဒေသတွေမှာ၊ ကျွဲ၊နွားတွေ မှောင်ခို ခိုးထုတ် နေကြတွေကို သိမြင်လျက် အားပေးမြှောက် အားပြုနေရင်း ကျွဲ၊နွား အရင်းအငှတ်ပြုတ် လို့အသားစား နွား၊နို့စားနွား တွေ တိုးတက် ဖြစ်တည်လာရေး အလှမ်းဝေး လှပေသည်။

## စိန်ခေါ်မှုများ

နိုင်ငံခြားနို့စား နွားစစ်စစ်၊ အသားစား နွားစစ်စစ် တွေကို အများစုဖြစ်တဲ့ သာမန်ပြည်သူ တွေ မွေးဖို့မလွယ်ပါ။ ရေမြေသာဘဝ ရာသီဥတုနဲ့ မွေးမြူရေးပညာ၊ ငွေကြေး အရင်းအနှီး အခက်အခဲ့ များရှိပါ သည်။ နယူးဇီလန်၊ဩစတေးလျ၊ဘယ်ရာဇီး၊အမေရိကန်၊တောင်ကိုရီယား နိုင်ငံများနှင့် နို့စားနွား၊အသားစား နွားမျိုးများ နှင့် မွေးမြူရေး နည်းပညာတွေ ကို ပြည်သူတွေ လက်ကို ပေးဖို့ လိုပါသည်။ မွေးမြူရေးပညာရှင် များနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် မျိုးစစ်များ နည်းပညာများအား ပြည်သူများ လက်ဝေအရောက်

ချပြနိုင်ရေး အခက်အခဲကြောင့် ဖွံ့ဖြိုးမှုနှေးကွား နေတာတွေ့ရပါသည်။ တနိုင်ငံလုံး တိတိ ရောက်ရောက် နဲ့ နို့စားများ နွားတွေ ဖွံ့ဖြိုးသွားတာ က ဒေသခံတွေ့နဲ့ နွားမျိုးတွေ က ရာသီဥတုဒဏ်ကိုလည်း ခံနိုင်၊ ရေမြေ အစား အစာနဲ့ သင့်တင့်ပြီး သဘာဝသားစပ်ထက် မေထုန်မဲ့သားစပ်နည်းလမ်းကပိုမို ခရီးရောက်နိုင်သည်။

မျိုးစစ် နွားသိုးတကောင်နဲ့ ဒေသခံ နွားမတစ်ကောင် မိတ်လိုက်မှုအကျိုးအမြတ်သည် မေ့ထုန်မဲ့ နည်းပညာ တွင် မယုည်သာအောင် အကျိုးများ ခဲ့တာ သုတေသနာ အရ သိရှိပါသည်။ အသားစား နွားတွေ မွေးကြရာ မှာ မျိုးစစ် တွေကို တင်သွင်းပြီး အသားတိုး မွေးတာတို့နွားသိုး အစစ်နဲ့နွားမ အစစ် တို့ကို မြန်မာမြေပေါ်မှာ မျိုးစပ်ထုတ်လုပ် တာတို့ဆိုတာ ဖြစ်နိုင် ခြေအလွန်း နည်းပါသည်။နွားသိုး အစစ်နဲ့ ဒေသခံနွား သိုမဟုတ် ကပြားနွားမ များကို သွေးနှော သားဖေါက်မှ ခရီးပေါက်နိုင်ပါသည်။ လုပ်ငန်းတကယ်ဖြစ်အောင် မွေးမြူနိုင်ဖို့ နယ်မြေ အရောက် ဖြန့်ဝေ နိုင်ဖို့ လိုအပ်ပါသည်။

**အလားလားကောင်းများ(မွေးမြူရေး ကဏ္ဍ အခြေအနေ)**

ယနေ့မြန်မာနိုင်ငံကို ပြည်ပ ရင်းနှီးမြုပ်နှံမှု များ လာရောက်ရင်းနှီးမြုပ်နှံ ရန် စိတ်ဝင် စားရေး မှုများနှင့် ပြည်တွင်း စားသုံးမှု လိုအပ်မှုများ ကြောင့် မွေးမြူရေးကဏ္ဍသည်အလွန် အရေးပါလှသည်။ ယနေ့တွင် နို့စား နွား၊အသားစား နွား ဖွံ့ဖြိုးပြီး နိုင်ငံများ ဖြစ်သည့် နယူးဇီလန်၊ဩစတေးလျ၊ဘယ်ရာဇီး၊အမေရိကန်၊ တောင်ကိုရီယားနိုင်ငံတို့က ရင်းနှီးမြုပ်နှံ မှုသာမက နည်းပညာများကိုလည်း ပံပိုကူညီနိုင်ရန် ပူးပေါင်းဆောင် ရွက်သွားမည်ဟု ကြား သိရပါသည်။

ထို့ကြောင့် နို့စား နွား၊အသားစား နွား ဖွံ့ဖြိုး တိုးတက် ရေး အတွက် လုပ်ငန်း ရှင်ကြီး များသာမက ကျေးလက် ပြည် သူတွေ၊ ဝန်းထမ်းတွေ၊ တစ်ပိုင်တစ်နိုင် ပူးပေါင်း ပါဝင် လာ မှုမှ အပိုဝင် ငွေလည်းရ၊ ဝမ်းလည်းဝ၊ နို့၊အသားတွေလည်း စားရတဲ့ ဘဝကို ရောက်ပါမည်။ လူတိုင်း မွေးနိုင်အောင် နိုင်ငံတော် က နွားဝယ်နိုင်ဖို့ငွေ တွေ ထုတ်ချေး နေပါပြီး။ သက်သာတဲ့ အတိုးနှုန်း နဲ့ တကယ် မွေးသူတွေ လက်ထဲ ရောက်ဖို့သာ လိုပါသည်။

သဘာဝသယံဇာတ ကြွယ်ဝမှုကို မြေပေါ်မှ တိုင်းတာနိုင်ပါသည်။ အဓိ်ကသည် ကိုယ်ဒေသ တစ်ခု ချင်းမှာ ကျွဲကျွဲ၊နွား အမှန်ရှိ စာရင်းတွေကို ပြုစုကြ ဖို့လိုအပ်ပါသည်။ ဒေသခွဲအချို့မှာ ရှိကောင်းရှိနေ ပေမယ့် နိုင်ငံအတိုင်းအတာနဲ့တော့ လျော့သွားတာကို နေ့စဉ် ပြည်တွင်းစား သုံးမှု၊ပေါက်ဖွား နိုင်မှုများ တွေကို နေ့စဉ်ကိန်းချ ကြည့်ရှုံနဲ့ ခန့်မှန်နိုင်ပါသည်။ လက်ရှိတွင် လမ်းပန်းဆက် သွယ် ရေးသည် လည်း တိုးတက်မှု များရှိပါသော ကြောင့် နိုင်ငံ၏လူဦးရေ ရဝ ရာခိုင်းနှုန်းသော တောင်သူလယ်သမား များကို မွေးနိုင်သလောက် ရောင်းချနိုင်ပါသည်။ သိုပါ၍ နို့စားနွား သာမက အသားစားနွား ပြည်တွင်း လုပ်ငန်းရှင်များ နှင့်ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွါး ဘဝဖွံ့ဖြိုးတိုးတက်လာက မိမိဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်နိုင် သဖြင့် ပြည်သူများ အကျိုးပြုပြီး လူသားတိုင်း အာဟာရဓါတ် လိုအပ်ချက် ကို ဖြည့်စွပ်ရန် နှင့် မူလတန်း အရွယ်ကျောင်းသား လူငယ်အာဟာရဖွံ့ဖြိုးရေး အစီအစဉ်များ ကိုလည်း နိုင်ငံတော်မှ တိတိ ကျကျ ရန်ပုံငွေ တစ်ရပ်ကို အခြေခံ စိတ်ပါဝင် စားသူတွေက ပူးပေါင်း မှန်မှန်ကန်ကန် အကောင်ထည်ဖော်နိုင်ရန် လိုအပ်သည်ဟု ယူဆမိပါကြောင့် ရေးသား လိုက်ပါသည်။